# Highlights from DVB Debate's Reducing Poverty Show

## December 17, 2016

## "How to reduce extreme Poverty?"

"ချင်းပြည်နယ်မှာက စဉ်ဆက်မပြတ် ဆင်းရဲမွဲတေမှုဖြစ်နေတယ်။ စဉ်ဆက်မပြတ် အရေးပေါ်အခြေအနေဖြစ်တယ်။ လူ ၁၀၀ မှာ ၇၂ ယောက်က ဆင်းရဲနေတယ်။ ရေခံမြေခံ အနေအထားကလည်း ဆင်းရဲမွဲတေမှုဖြစ်စေသလိုပဲ သဘာဝဘေးအန္တရာယ်တွေဖြစ်လာရင်လည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားတဲ့ အနေအထားတွေ ဖြစ်နေတယ်"

ဆလိုင်းအိုက်ဇက်ခင် - စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
(ချင်းပြည်နယ်အစိုးရအဖွဲ့)

---

"ဒီနေ့ ဘာစားမလဲ ဘာသောက်မလဲ အခြေခံမလုံလောက်မှုတွေက တနိုင်ငံလုံးဖြစ်နေတယ် ချင်းပြည်နယ်မှာလည်း ခံစားနေရတယ်။ အကြီးစား စီးပွားရေးစီမံကိန်းတွေ ဆွဲတဲ့အခါမှာ ချင်းပြည်နယ်က ရွာတွေဘာဖြစ်နေလဲ ဆိုတာမျိုး သူတို့လေ့လာနေတာ မရှိဘူး"

မိုင်ချယ်ရီဇာဟောင် - တွဲဖက်အတွင်းရေးမှူး ၂၊ ချင်းတိုးတက်ရေးပါတီ

---

"ဆင်းရဲမွဲတေမှုနဲ့ ပတ်သက်လို့ ပထမဆုံး လက်ညှိုးထိုးချင်တာက မူဂါဒပိုင်း. ဘယ်လောက်အထိ ဆင်းရဲနေလဲဆိုတာကို ကိန်းဂဏန်းအချက်အလက်တွေနဲ့ တိတိကျကျ ကောက်ခံနေတာ မရှိဘူး။ ကိန်းဂဏန်းတွေက စာအုပ်ထဲမှာပဲ ရှိတယ် ဘယ်သူကမှ.. ဒါကို ဘယ်လိုဖြေရှင်းမလဲ ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာမျိုးတွေ မလာသေးဘူး"

ဦးစိုးဝင်းမောင် - စိုက်ပျိုးရေးဘောဂဗေဒပညာရှင်

---

"လူငယ်တွေအတွက်က အလုပ်အကိုင်ဖန်တီးပေးမယ့် သက်မွေးဝမ်းကြောင်း သင်တန်းတွေ ရှိမနေဘူး။ နိုင်ငံရပ်ခြားမှာပဲ သက်မွေးဝမ်းကျောင်းရှာနေရတယ်"

ဦးကျော်သက်ဝင်း - စီမံကိန်းဒါရိုက်တာ၊ အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်

"ချင်းပြည်နယ်အစိုးရအနေနဲ့ သက်တမ်း ၈ လမှာ တရက်မှမနားပါဘူး။ ၂၀၁၇ ခုနှစ်ကျရင် Chin State Business Institutie လုပ်ဖို့ရှိတယ်။ ပြည်နယ်ထဲကလူတွေ ပြည်ပမထွက်သွားဖို့ ပြည်ပကလူတွေ ပြည်နယ်ထဲပြန်လာလို့ရအောင် စ လုပ်နေပါပြီ။"

ဆလိုင်းအိုက်ဇက်ခင် - စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး (ချင်းပြည်နယ်အစိုးရအဖွဲ့)

---

"တပ်မတော်အစိုးရပဲဖြစ်ဖြစ်၊ ဦးသိန်းစိန်အစိုးရပဲဖြစ်ဖြစ်၊ အန်အယ်လ်ဒီအစိုးရပဲဖြစ်ဖြစ် ဗဟိုကနေပဲ ကြီးစိုးနေမှုက ဖွံ့ဖြိုးမှုလုပ်ဆောင်နေမှုတွေကို တအား နှောင့်နှေးနေစေမှာပဲ။ အောက်ခြေကလာတဲ့ လိုအပ်ချက်ထောက်ပြမှုတွေက ပိုထိရောက်တယ်"

မိုင်ချယ်ရီဇာဟောင် - တွဲဖက်အတွင်းရေးမှူး ၂၊ ချင်းတိုးတက်ရေးပါတီ

---

"လက်ရှိဖြစ်နေတာက တောင်သူတွေဟာ သဘာဝဘေးအန္တရာယ်တွေကြောင့် ရွာတရွာကနေ ပြောင်းရွှေ့လာရင် လုပ်စားစရာ တောင်ယာမရှိဘူး။ ရွာပဲပြောင်းခိုင်းတယ် လုပ်စားစရာ မရှိတော့ ဆန်ပြုတ်ပဲ သောက်နေရတာ အများကြီးပဲ"

ဦးကျော်သက်ဂင်း - စီမံကိန်းဒါရိုက်တာ၊ အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်

---

"ဆင်းရဲနွမ်းပါးမှုဆိုရာမှာ ငွေကြေးအပြင် အသိဉာဏ်ပညာဆင်းရဲမှုလည်းပါတယ်။ ချင်းပြည်နယ်က နှစ်ဆင့်စွန့်ပစ်ခံရတဲ့ ပြည်နယ်ဖြစ်နေတယ်. အစိုးရက စွန့်ပစ်တာခံရတယ်၊ လူငယ်တွေက အလုပ်အကိုင်အခွင့်အလမ်းနည်းတော့ ပြည်နယ်ကို စွန့်ပစ်တာခံရတယ်"

ဦးအောင်သစ်တင် - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း(ကလေးမြို့)

---

"ပါလီမန်အနေနဲ့လည်း အားနည်းချက်တွေ ရှိတယ်။ ပါလီမန်က လူတွေအနေနဲ့ ဆင်းရဲတဲ့ဒေသက လူတွေဆီ ဆင်းရမယ်။ ချင်း အရပ်ဖက်အဖွဲ့တွေ၊ ချင်းပါလီမန်တွေနဲ့ လက်တွဲလုပ်ရမယ်ဗျ"

ဦးကျော်သက်ဂင်း - စီမံကိန်းဒါရိုက်တာ၊ အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်

---

"ချင်းပြည်နယ်အနေနဲ့က ရာသီသီးနှံတွေနဲ့ အလုပ်မဖြစ်ဘူး။ နှစ်ရှည်သီးနှံမျိုးနဲ့ပဲ အဆင်ပြေမယ်။ အိန္ဒိယနယ်စပ်နဲ့ နီးတဲ့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်မယ်ဆိုရင် တအားအောင်မြင်နိုင်ပါတယ်"

ဒေါက်တာ အေလျန်ဇနန် - YMCA(ကလေးမြို့)

---

"အသေးစားချေးငွေ(microfiance) ချပေးတာတွေသည် ပါရာစီတမောနဲ့တိုက်သလိုနဲ့တူနေတယ်။ ရောဂါအရင်းအမြစ်ကို မရှာဖွေဘဲ တခုခုဖြစ်တာနဲ့ ပါရာစီတမောပဲ တိုက်သလိုဖြစ်နေတယ်"

မိုင်ချယ်ရီဇာဟောင် - တွဲဖက်အတွင်းရေးမှူး ၂၊ ချင်းတိုးတက်ရေးပါတီ

---

"ချင်းပြည်နယ်ဆိုရင် လက်ဖက်ပြည်နယ်ဆိုပြီး ပြောခဲ့ကြတာရှိတယ်လေ. မွေးမြူရေးမှာဆိုရင် နွားနောက်လိုမျိုး မွေးမြူကြမလား. ကုန်းစောင်းမှာ မြေပြိုရင်ပါမသွားအောင်လုပ်တဲ့ စိုက်ပျိုးနည်းမျိုး သုံးမလား စဉ်းစားရမယ်"

ဦးစိုးဂင်းမောင် - စိုက်ပျိုးရေးဘောဂဗေဒပညာရှင်

---

"ပြည်ထောင်စုက ရတဲ့ ဘတ်ဂျက်သည် ၁ ရာနှုန်းပဲရှိတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက် ၃၀ ရာနှုန်းတိုးပြီး တင်ပြထားပါတယ်။ ဖွံ့ဖြိုးရေး ရန်ပုံငွေတွေ မလုံလောက်ဘူး။ အခု ၅ နှစ်တာ တည်မယ့် မူဝါဒမှာ infrastructure အတားအဆီးကို လျှော့နိုင်သမျှ လျှော့ချသွားမယ်။"

ဆလိုင်းအိုက်ဖက်ခင် - စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
(ချင်းပြည်နယ်အစိုးရအဖွဲ့)

---

"မိဘများအနေနဲ့ စီးပွားရေးကို စိတ်ချလက်ချလုပ်ပါ. ကလေးတွေရဲ့ ပညာရေးကို နိုင်ငံတော်က တာဝန်ယူပါတယ်ခင်များ ဆိုတာမျိုးဖြစ်စေချင်တယ်။ အခုက မိဘတွေက စားဖို့သောက်ဖို့လည်းရှာရ ကလေးတွေ ပညာရေးစရိတ်လည်း ပူပန်ရဖြစ်နေတယ်"

ဦးမျိုးမင်းအောင် - မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်(ကလေး)

---